နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့

# သမဝါယမအသင်းဥပဒေ

**(နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် ၉/၉၂)**

၁၃၅၄ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၃ ရက်

(၁၉၉၂ ခုနှစ်၊ ဒီဇင်ဘာလ ၂၂ ရက်)

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့သည် အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)
## အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို **သမဝါယမအသင်းဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင် ပါရှိသော စကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **အသင်း** ဆိုသည်မှာ ဤဥပဒေအရ မှတ်ပုံတင်ထားသော အခြေခံသမဝါယမအသင်း၊ သမဝါယမအသင်းစု၊ သမဝါယမအသင်းစုချုပ် သို့မဟုတ် ဗဟိုသမဝါယမအသင်းကို ဆိုသည်၊

(ခ) **အသင်းသား** ဆိုသည်မှာ အခြေခံသမဝါယမအသင်းတွင် ပါဝင်ပြီး အသင်းသို့ သတ်မှတ်ချက်နှင့်အညီ အစုတစ်စု၏ တန်ဖိုးငွေကို အပြည့်အဝ ထည့်ဝင်ပြီးသူကိုဆိုသည်၊

(ဂ) **အသင်းဝင်း** ဆိုသည်မှာ အသင်းတစ်သင်းတွင်ပါဝင်ပြီး အသင်းသို့ သတ်မှတ်ချက်နှင့်အညီ အစုထည့်ဝင်ပြီးသော အသင်းကိုဆိုသည်၊

(ဃ) **ကိုယ်စားလှယ်** ဆိုသည်မှာ အသင်း၏အစည်းအဝေးသို့ တက်ရောက်ရန် သတ်မှတ်ချက်နှင့်အညီ တရားဝင်စေလွှတ်ခြင်းခံရသူကို ဆိုသည်၊

(င) **အမှုဆောင်အဖွဲ့** ဆိုသည်မှာ အသင်း၏လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ရန် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးက ဖွဲ့စည်းသော အမှုဆောင် အဖွဲ့ကိုဖြစ်စေ၊ ဒါရိုက်တာအဖွဲ့ကိုဖြစ်စေ ဆိုသည်၊

(စ) **အသင်းဝန်ထမ်း** ဆိုသည်မှာ အသင်းပိုင် ငွေကြေးဖြင့် ကျခံ၍ ခန့်ထားခြင်း ခံရသူကို ဆိုသည်၊

(ဆ) **အစု** ဆိုသည်မှာ အသင်းသား သို့မဟုတ် အသင်းဝင်က သက်ဆိုင်ရာအသင်း သို့ သတ်မှတ်ချက်နှင့်အညီ ထည့်ဝင်ရမည့် အစု၏တန်ဖိုးငွေကို ဆိုသည်၊

(ဇ) **ရင်းနှီးငွေ** ဆိုသည်မှာ အကျိုးတူစီးပွားရေးလုပ်ငန်းကို လုပ်ဆောင်နိုင်ရန် အသင်းသားကလည်းကောင်း၊ အသင်းဝင်ကလည်းကောင်း၊ အကျိုးတူ စီးပွားရေးလုပ်ငန်း လုပ်ကိုင်လိုသည့် ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းက လည်းကောင်း သတ်မှတ်ချက်နှင့်အညီ ထည့်ဝင်ငွေကို ဆိုသည်၊

(ဈ) **လျာထားငွေ** ဆိုသည်မှာ အသင်း၏အသားတင်အမြတ် ခွဲဝေမှုမပြုမီ အသင်းမှ အသုံးပြုရန်အတွက် သတ်မှတ်ချက်နှင့်အညီ သီးခြားလျာထား သည့် ငွေကိုဆိုသည်၊

(ည) **ခွဲဝေငွေ** ဆိုသည်မှာ အသားတင်အမြတ်ငွေမှ အသင်းသား၊ အသင်းဝင်၊ အမှုဆောင်နှင့် အသင်းဝန်ထမ်းများအတွက် သတ်မှတ်ချက်နှင့်အညီ ခွဲဝေ ပေးသောငွေကို ဆိုသည်၊

(ဋ) **ရန်ပုံငွေ** ဆိုသည်မှာ အသင်း၏အသားတင်အမြတ်ငွေမှ အသင်း၏လုပ်ငန်း သို့မဟုတ် အခြားကိစ္စရပ်တစ်ခုခုအတွက် သတ်မှတ်ချက်နှင့်အညီ ခွဲဝေပေး ထားသော ငွေကိုဆိုသည်၊

(ဌ) **စုဆောင်းငွေ** ဆိုသည်မှာ အသင်းသားကဖြစ်စေ၊ အသင်းဝင်ကဖြစ်စေ ဆန္ဒ အလျောက်အသင်းတွင် စုဆောင်းထားသော ငွေကိုဆိုသည်၊

(ဍ) **ပစ္စည်း** ဆိုသည်မှာ ရွှေ့ပြောင်းနိုင်သော ပစ္စည်း၊ မရွှေ့မပြောင်းနိုင်သော ပစ္စည်းကို ဆိုသည်။ ယင်းစကားရပ်တွင် တိရစ္ဆာန်လည်းပါဝင်သည်၊

(ဎ) **စာရင်းစစ်** ဆိုသည်မှာ သမဝါယမအသင်းများအား စာရင်းစစ်ဆေးရန် တာဝန်သတ်မှတ်ပေးခြင်း ခံရသောပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့ကိုဆိုသည်၊

(ဏ) **စာရင်းရှင်းတာဝန်ခံ** ဆိုသည်မှာ စာရင်းရှင်းလင်း ဖျက်သိမ်းရန်ရှိသော အသင်း၏စာရင်းများကို တာဝန်ယူရှင်းလင်းရန် သမဝါယမဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်က ခန့်အပ်သော ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့ကိုဆိုသည်၊

(တ) **ဝန်ကြီး** ဆိုသည်မှာ သမဝါယမဝန်ကြီးဌာန ဝန်ကြီးကိုဆိုသည်၊

(ထ) **ဦးစီးဌာန** ဆိုသည်မှာ သမဝါယမဦးစီးဌာနကို ဆိုသည်၊

(ဒ) **ညွှန်ကြားရေးမှူးချုပ်** ဆိုသည်မှာ သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ကို ဆိုသည်။

## အခန်း (၂)
## အသင်း၏ အခြေခံမူများ

၃။ အသင်း၏ အခြေခံမူများမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) အသင်းကို မိမိဆန္ဒအလျောက် ပါဝင်လိုသူများဖြင့် ဖွဲ့စည်းရန်၊

(ခ) အသင်းသား သို့မဟုတ် ကိုယ်စားလှယ်သည် လူတစ်ကိုယ်ဆန္ဒမဲ ပေးနိုင်သည့် ညီမျှသော အခွင့်အရေးရရှိ၍ အသင်း၏လုပ်ငန်းအရပ်ရပ်ကို အများ၏ဆန္ဒဖြင့်သာ စီမံခန့်ခွဲရန်၊

(ဂ) အသင်းတွင် ထည့်ဝင်ထားသော အစုအတွက် ရရှိရမည့် အကျိုးခံစားခွင့်ကို ကန့်သတ်ထားရန်၊

(ဃ) အသင်း၏ လုပ်ငန်းမှထွက်ပေါ်လာသည့် အသားတင်အမြတ်ငွေများကို အသင်းသားများ၏ ဆုံးဖြတ်ချက်ဖြင့် ခွဲဝေရန်၊

(င) သမဝါယမသဘောတရားနှင့် နည်းစနစ်ပြန့်ပွားရေးအတွက် ဆောင်ရွက်ရန်၊

(စ) ပြည်တွင်းပြည်ပရှိ သမဝါယမအသင်းအချင်းချင်း ထိရောက်စွာ ပူးပေါင်း ဆောင်ရွက်ရန်၊

(ဆ) အသင်းသည် အသင်း၏စီးပွားရေးနှင့် လူမှုရေးလုပ်ငန်းများကို လုပ်ဆောင်သည့် အဖွဲ့အစည်းသာဖြစ်စေရန်၊

(ဇ) အသင်းသည် အသင်းသား၊ အသင်းဝင်များ၏ အကျိုးကို ဦးတည်ဆောင်ရွက်ခြင်းဖြင့် ယင်းတို့၏လူနေမှုအဆင့်အတန်း မြင့်မားရေးကို ရှေးရှုဆောင်ရွက်ရန်၊

(ဈ) အသင်းသားများ သို့မဟုတ် အသင်းဝင်များသည် အသင်း၏စီးပွားရေးနှင့် လူမှုရေးလုပ်ငန်းများတွင် ပါဝင်လုပ်ဆောင်သူများဖြစ်ကြစေရန်၊

(ည) အသင်းသည် အသင်းသား၊ အသင်းဝင်များနှင့် အကျိုးတူစီးပွားဖက် လုပ်ကိုင်သူများ၏ အကျိုးစီးပွားအတွက် အချင်းချင်းလုပ်အား၊ ပစ္စည်းတို့ ပူးပေါင်း၍ အများ၏ဆန္ဒဖြင့် စီမံခန့်ခွဲလုပ်ဆောင်သည့် အဖွဲ့အစည်းဖြစ်စေရန်။

## အခန်း (၃)
## အသင်းစည်းကမ်းနှင့် အသင်းဖွဲ့စည်းခြင်း

၄။ အသင်းဖွဲ့စည်းလိုသူများသည် လုပ်ငန်းအမျိုးအစားအလိုက် အသင်းစည်းကမ်းကို ရေးဆွဲ၍ ပထမအကြိမ် ပြုလုပ်သည့် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးတွင် အတည်ပြုရမည်။ ယင်းအတည်ပြုထားသော စည်းကမ်းကို အရပ်ရပ်ဆိုင်ရာ အစည်းအဝေးက ပြင်ဆင်ဖြည့်စွက်နိုင်သည်။

၅။ (က) အသင်းစည်းကမ်းတွင် အသင်းအား အနည်းဆုံးမတည်ငွေ မည်မျှရှိသော အစုပေါင်းမည်မျှဖြင့် ဖွဲ့စည်းကြောင်း ထည့်သွင်းဖော်ပြရမည်၊

(ခ) အသင်းစည်းကမ်းတွင် ဖော်ပြထားသော အစုအရေအတွက်ကို အရပ်ရပ်ဆိုင်ရာ အစည်းအဝေးက တိုးခြင်း၊ ပုဒ်မခွဲ(က)ပါ အနည်းဆုံး မတည်ငွေထက် မလျော့နည်းစေဘဲ အစုအရေအတွက်ကို လျှော့ခြင်း သို့မဟုတ် ဖျက်သိမ်းခြင်းပြုနိုင်သည်၊

(ဂ) ပုဒ်မခွဲ(ခ)အရ အစုအရေအတွက်တိုးခြင်း၊ လျှော့ခြင်း သို့မဟုတ် ဖျက်သိမ်းခြင်းပြုပါက ယင်းဆုံးဖြတ်ချက်ကို ၁၅ ရက်အတွင်း ဦးစီးဌာနသို့ အကြောင်းကြားရမည်။

၆။ အသင်းများကို သမဝါယမအခြေခံမူများနှင့်အညီ အောက်ပါအတိုင်း ဖွဲ့စည်းရန်ဖြစ်သည် -

(က) အသင်းသားများ၏ အကျိုးစီးပွားကို စုပေါင်းဆောင်ရွက်နိုင်ရန် အခြေခံသမဝါယမအသင်းကို အနည်းဆုံးပုဂ္ဂိုလ်ငါးဦးဖြင့် ဖွဲ့စည်းနိုင်သည်၊

(ခ) စီးပွားရေးလုပ်ငန်းအရ အကျိုးတူ ပေါင်းစပ်စုစည်း ဆောင်ရွက်နိုင်ရန် အခြေခံသမဝါယမအသင်း အနည်းဆုံးသုံးသင်းကို စုစည်း၍ သမဝါယမအသင်းစုကို ဖွဲ့စည်းနိုင်သည်၊

(ဂ) သမဝါယမအသင်းစုများ ပါဝင်သော သမဝါယမအသင်းစုချုပ်ကို ဖွဲ့စည်းနိုင်သည်၊

(ဃ) ဖွဲ့စည်းပြီးဖြစ်သော သမဝါယမအသင်းစုများနှင့် သမဝါယမအသင်းစုချုပ်များ ပါဝင်သော ဗဟိုသမဝါယမအသင်းကို ဖွဲ့စည်းနိုင်သည်၊

(င) စီးပွားရေးလုပ်ငန်းအရ လိုအပ်ပါက ဖွဲ့စည်းပြီးသော သမဝါယမအသင်းတစ်သင်းကို ခွဲစိတ်၍ဖြစ်စေ၊ ဖွဲ့စည်းပြီးသော သမဝါယမအသင်းများကို ပူးပေါင်း၍ဖြစ်စေ သမဝါယမအသင်းအဖြစ် သီးခြားဖွဲ့စည်းနိုင်သည်။

၇။ ဖွဲ့စည်းသော အသင်းသည် ဦးစီးဌာနတွင် မှတ်ပုံတင်ရမည်။ ယင်းသို့ မှတ်ပုံတင်ပြီးမှသာလျှင် တရားဝင်အသင်းအဖြစ် တည်ရှိနိုင်ခွင့်ရှိသည်။

## အခန်း (၄)

## အသင်းသားဖြစ်ခြင်း၊ အသင်းသား၏ တာဝန်နှင့် ရပိုင်ခွင့်များနှင့် အသင်းသားအဖြစ်မှ ရပ်စဲခြင်း

၈။ အခြေခံသမဝါယမအသင်းတွင် အောက်ပါအရည်အချင်းများနှင့် ပြည့်စုံသူသည် အသင်းသားအဖြစ် ပါဝင်ခွင့်ရှိသည် -

(က) နိုင်ငံသား၊ ဧည့်နိုင်ငံသား သို့မဟုတ် နိုင်ငံသားပြုခွင့်ရသူ၊

(ခ) အသက် (၁၈)နှစ် ပြည့်ပြီးသူ၊

(ဂ) အသင်း၏စည်းကမ်းအရ သတ်မှတ်ထားသော အစုတစ်စု၏တန်ဖိုးငွေကို အပြည့်အဝထည့်ဝင်သူ၊

(ဃ) စိတ်ပေါ့သွပ်ခြင်းမရှိသူ။

၉။ အခြေခံသမဝါယမအသင်းတွင် အသက် (၁၂)နှစ် ပြည့်ပြီးသူကို အကြိုအသင်းသားအဖြစ် လက်ခံနိုင်သည်။

၁၀။ အသင်းသားနှင့်အကြိုအသင်းသား၏တာဝန်များသည် အောက်ပါအတိုင်းဖြစ်သည် -

(က) ဤဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ သက်ဆိုင်ရာအသင်းစည်းကမ်းများကိုလိုက်နာဆောင်ရွက်ခြင်း၊

(ခ) အသင်း၏ဆုံးဖြတ်ချက်များကို လိုက်နာဆောင်ရွက်ခြင်း၊

(ဂ) အသင်းက ပေးအပ်သည့် တာဝန်နှင့်လုပ်ငန်းများကို ထမ်းဆောင်ခြင်း၊

(ဃ) အသင်း၏ ပစ္စည်းများကို ထိန်းသိမ်းစောင့်ရှောက်ခြင်း၊

(င) အသင်းက သတ်မှတ်သော အစု၏တန်ဖိုးငွေကို ထည့်ဝင်ခြင်း၊

(စ) အသင်းအား ပေးရန်ငွေကို ရရန်ငွေမှ အသင်းက ခုနှိမ်မှုကိုလက်ခံခြင်း၊

(ဆ) အသင်းအား စာရင်းရှင်းလင်းဖျက်သိမ်းသည့်အခါ ပေးလျော်ရန်ရှိလျှင် အသင်းသား သို့မဟုတ် အကြိုအသင်းသားက ပေးရန်တာဝန်များသည် ထည့်ဝင်ထားသော အစုအထိသာဖြစ်ခြင်း။

၁၁။ (က) အသင်းသားများ၏ ရပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) ဤဥပဒေနှင့်အညီ ဆန္ဒမဲပေးပိုင်ခွင့်နှင့် ရွေးချယ်ခံပိုင်ခွင့်ရှိခြင်း၊

(၂) အသင်းကပေးသော အကျိုးခံစားခွင့်များကို အချိုးကျကျ မျှတစွာ ရယူခွင့်ရှိခြင်း၊

(၃) အစုများကို သတ်မှတ်ချက်များနှင့်အညီ လွှဲပြောင်းပေးပိုင်ခွင့်ရှိခြင်း၊

(၄) အသင်းနှင့်စပ်လျဉ်းသည့် မိမိ၏အကျိုးခံစားခွင့်အား ဆက်ခံစေလိုသူ၏အမည်ကို သတ်မှတ်နိုင်ခွင့်ရှိခြင်း၊

(၅) အသင်း၏အရပ်ရပ်ဆိုင်ရာ အစည်းအဝေးတွင် အသင်းလုပ်ငန်းများနှင့် စပ်လျဉ်း၍လည်းကောင်း၊ အမှုဆောင်အဖွဲ့၏ ဆုံးဖြတ်ချက်အပေါ် မိမိ၏နစ်နာမှု၊ မကျေနပ်မှုနှင့် စပ်လျဉ်း၍လည်းကောင်း၊ မိမိအကြံပေးအဆိုပြုလိုသည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍လည်းကောင်း၊ တင်ပြအဆုံးအဖြတ်ခံယူခွင့်ရှိခြင်း။

(ခ) အကြိုအသင်းသားများသည် ပုဒ်မခွဲ(က) ပုဒ်ခွဲငယ် (၂)နှင့်(၃)ပါ ရပိုင်ခွင့်များကို ခံစားခွင့်ရှိသည်။

၁၂။ အခြားတည်ဆဲဥပဒေတစ်ရပ်ရပ်တွင် မည်သို့ပင် ပြဋ္ဌာန်းစေကာမူ -

(က) အသင်းသား သေဆုံးလျှင် ယင်း၏အကျိုးခံစားခွင့်ကို ပုဒ်မ ၁၁ ပုဒ်မခွဲ(က) ပုဒ်မခွဲငယ် (၄)အရ အသင်းသားက သတ်မှတ်ထားသည့် အကျိုးခံစားခွင့်ဆက်ခံစေလိုသူအား အသင်းက လွှဲပြောင်းပေးရမည်၊

(ခ) ပုဒ်မ ၁၁ ပုဒ်မခွဲ(က) ပုဒ်မခွဲငယ် (၄)အရ အကျိုးခံစားခွင့် ဆက်ခံစေလိုသူကို သတ်မှတ်ခြင်းမရှိဘဲ အသင်းသားသေဆုံးလျှင်ဖြစ်စေ၊ အကြိုအသင်းသား သေဆုံးလျှင်ဖြစ်စေ ယင်း၏အကျိုးခံစားခွင့်အားလုံးကို အောက်ပါအစီအစဉ်အတိုင်း အသင်းက လွှဲပြောင်းပေးရမည် -

(၁) ဇနီး၊ ခင်ပွန်း၊

(၂) သားသမီးများ၊

(၃) မြေး၊

(၄) ညီအစ်ကိုမောင်နှမများ၊

(၅) အမိ၊ အဖ၊

(၆) အခြားတရားဝင် အမွေဆက်ခံခွင့်ရှိသူများ။

၁၃။ အောက်ပါအကြောင်းတစ်ရပ်ရပ် ပေါ်ပေါက်သည့်အခါ အသင်းသားအဖြစ်မှ ရပ်စဲသည် -

(က) သေဆုံးခြင်း၊

(ခ) နိုင်ငံသားအဖြစ်မှ ရပ်စဲခံရခြင်း၊

(ဂ) နုတ်ထွက်ခြင်း၊

(ဃ) မိမိပိုင် အစုအားလုံးကို အပြီးအပိုင်လွှဲပြောင်းခြင်း၊

(င) စိတ်ပေါ့သွပ်ခြင်း၊

(စ) အသင်း၏အရပ်ရပ်ဆိုင်ရာ အစည်းအဝေး၏ ဆုံးဖြတ်ချက်အရ ထုတ်ပယ်ခြင်း၊

(ဆ) သာသနာ့ဝန်ထမ်းအဖြစ် အမြဲတမ်း ကူးပြောင်းခြင်း။

## အခန်း (၅)

## အသင်းဝင်ဖြစ်ခြင်းနှင့် အသင်းဝင်၏ တာဝန်နှင့်ရပိုင်ခွင့်များ

၁၄။ အသင်းများသည် အကျိုးတူလုပ်ငန်းများကို စုစည်းဆောင်ရွက်နိုင်ရန် -

(က) အခြေခံသမဝါယမအသင်းသည် သမဝါယမအသင်းစုတွင် အသင်းဝင်အဖြစ် ပါ ဝင်နိုင်သည်၊

(ခ) သမဝါယမအသင်းစုသည် သမဝါယမအသင်းစုချုပ်နှင့် ဗဟိုသမဝါယမ အသင်းတွင် အသင်းဝင်အဖြစ် ပါဝင်နိုင်သည်၊

(ဂ) သမဝါယမအသင်းစုချုပ်သည် ဗဟိုသမဝါယမအသင်းတွင် အသင်းဝင်အဖြစ် ပါဝင်နိုင်သည်။

၁၅။ အသင်းဝင်၏ တာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) အသင်းကသတ်မှတ်သည့် အစုနှင့်ရင်းနှီးငွေများ ပေးသွင်းခြင်း၊

(ခ) အသင်းသို့ ကိုယ်စားလှယ်စေလွှတ်ခြင်း၊

(ဂ) အသင်း၏စီးပွားရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခြင်း၊

(ဃ) သတ်မှတ်ထားသော လုပ်ငန်းများကို စီးပွားရေးတွက်ခြေကိုက်အောင် လုပ်ကိုင်ဆောင်ရွက်ခြင်း၊

(င) အသင်းအား စာရင်းရှင်းလင်းဖျက်သိမ်းသည့်အခါ ပေးလျော်ရန်ရှိလျှင် အသင်းဝင်ကပေးရန် တာဝန်များသည် ထည့်ဝင်ထားသည့် အစုအထိသာ ဖြစ်ခြင်း။

၁၆။ အသင်းဝင်သည် အသင်းက သတ်မှတ်ပေးသော ခွဲဝေငွေများကို ရယူခွင့်ရှိသည်။

## အခန်း (၆)

## အသင်း၏တာဝန်နှင့် လုပ်ပိုင်ခွင့်များနှင့် အသင်းအဖြစ်မှ ရပ်စဲခြင်း

၁၇။ အသင်း၏တာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) အသင်း၏စည်းကမ်းများကို လိုက်နာခြင်း၊

(ခ) တည်ဆဲဥပဒေများနှင့်အညီ စီးပွားရေး၊ လူမှုရေးလုပ်ငန်းများကို ဆောင်ရွက်ခြင်း၊

(ဂ) အသင်းဝန်ထမ်းများ၏ ရပိုင်ခွင့်များရရှိစေရန် ဆောင်ရွက်ခြင်း၊

(ဃ) အမှုဆောင်များ လုပ်ငန်းခွင်၌အသင်း၏ တာဝန်ထမ်းဆောင်နေစဉ်အတွင်း ထိခိုက်ဒဏ်ရာရရှိပါက လျော်ကြေးရရှိရန် စီစဉ်ဆောင်ရွက်ခြင်း၊

(င) အသင်း၏ စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဆောင်ရွက်သူများသို့ သင့်လျော်သည့် ခံစားခွင့်များကို နှစ်စဉ်ခွဲဝေပေးရန် စီစဉ်ဆောင်ရွက်ခြင်း၊

(စ) အသင်းသည် ပစ္စည်းစာရင်း၊ ငွေစာရင်း၊ အခြားစာရင်းဇယားများနှင့် မှတ်တမ်းများကို ပြုစုထိန်းသိမ်းထားရှိပြီး စာရင်းဇယားနှင့် အစီရင်ခံစာများကို သက်ဆိုင်ရာသို့ ပေးပို့ခြင်း၊

(ဆ) အသင်း၏စာရင်းများကို တစ်နှစ်လျှင် အနည်းဆုံးတစ်ကြိမ် စာရင်းကျွမ်းကျင်သူဖြင့် စစ်ဆေးခြင်း၊

(ဇ) အစိုးရဘဏ္ဍာငွေကို ရယူပြီး လုပ်ငန်းဆောင်ရွက်နေသော အသင်းဖြစ်ပါက ဦးစီးဌာန၏ စာရင်းစစ်ဆေးမှုအား ခံယူခြင်း။

၁၈။ အသင်း၏ လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ကိုယ်ပိုင်အမည်၊ ကိုယ်ပိုင်တံဆိပ်တို့ဖြင့် ဆောင်ရွက်ပိုင်ခွင့်၊ စဉ်ဆက်မပြတ်ဆက်ခံဆောင်ရွက်ပိုင်ခွင့်၊ တရားစွဲဆိုနိုင်ခွင့်၊ တရားစွဲခံနိုင်ခွင့်များရှိခြင်း၊

(ခ) ပစ္စည်းများ ပိုင်ဆိုင်ခွင့်ရှိခြင်း၊

(ဂ) ပဋိညာဉ်စာချုပ် ချုပ်ဆိုပိုင်ခွင့်ရှိခြင်း၊

(ဃ) အသင်းက ရရန်ရှိသော ကြွေးမြီများကို အသင်းသား သို့မဟုတ် အသင်းဝင်၏အစု၊ စုဆောင်းငွေ၊ ရင်းနှီးငွေနှင့် အသင်းက ပေးရန်ရှိသော အကျိုးခံစားခွင့်များမှ ခုနှိမ်ခွင့်ရှိခြင်း၊

(င) ပုဂ္ဂလိကများနှင့် အကျိုးတူ ပေါင်းစပ်ဆောင်ရွက်ပိုင်ခွင့်ရှိခြင်း၊

(စ) အစိုးရ၏ ပံ့ပိုးကူညီမှုကို ရယူခွင့်ရှိခြင်း။

၁၉။ အောက်ပါ အကြောင်းတစ်ရပ်ရပ် ပေါ်ပေါက်သည့်အခါ အသင်းအဖြစ်မှ ရပ်စဲသည် -

(က) အသင်းက မှတ်ပုံတင်ထားခြင်းကို ပယ်ဖျက်ပေးပါရန် လျှောက်ထားခြင်းကို ခွင့်ပြုခြင်း၊

(ခ) မှတ်ပုံတင်ပယ်ဖျက်ခံရခြင်း၊

(ဂ) တည်ဆဲဥပဒေ တစ်ရပ်ရပ်အရ လုပ်ငန်းရပ်စဲခံရခြင်း။

## အခန်း (၇)

## အသင်း၏ဘဏ္ဍာရေး

၂၀။ အသင်းသည် မိမိပိုင် ဘဏ္ဍာငွေများကို အခြေခံလျက် ဆောင်ရွက်သော အဖွဲ့အစည်းဖြစ်၍ အသင်း၏မတည်ငွေများတွင် အောက်ပါတို့ပါဝင်သည် -

(က) အစု၊ စုဆောင်းငွေနှင့် ရင်းနှီးငွေများ၊

(ခ) အမြတ်ငွေများနှင့် ရန်ပုံငွေများ၊

(ဂ) ပြည်တွင်းပြည်ပ ထောက်ပံ့ငွေများ၊

(ဃ) ကြိုတင်ရယူငွေများ၊

(င) ဘဏ်ချေးငွေများနှင့် အခြားချေးငွေများ၊

(စ) အခြားတရားဝင်ရငွေများ။

၂၁။ ဗဟိုသမဝါယမအသင်းက တာဝန်ယူဆောင်ရွက်သည့် သမဝါယမသဘောတရားနှင့် နည်းစနစ်ပြန့်ပွားရေး၊ သမဝါယမစိတ်ဓာတ်မြှင့်တင်ရေးနှင့် အသင်းအချင်းချင်း စုစည်း ဆက်စပ်ပေးရေးလုပ်ငန်းများအတွက် ကုန်ကျစရိတ်များကို အသင်းများထံမှ အချိုးက ကောက်ခံနိုင်သည်။

၂၂။ အသင်းသည် မိမိ၏အရပ်ရပ်ဆိုင်ရာ အစည်းအဝေးဆုံးဖြတ်ချက်ဖြင့် အောက်ပါ အတိုင်း ရန်ပုံငွေများကို ခွဲဝေထားရှိရမည် -

(က) အသင်း၏စီးပွားရေးလုပ်ငန်းများကို တိုးချဲ့လုပ်ကိုင်ရန်အတွက် လုပ်ငန်း တိုးချဲ့ရန်ပုံငွေ၊

(ခ) လူမှုရေးနှင့် ယဉ်ကျေးမှုလုပ်ငန်းများကို မြှင့်တင်နိုင်ရန်အတွက် လူမှုရေးနှင့် ယဉ်ကျေးမှုရန်ပုံငွေ၊

(ဂ) အသင်း၏လုပ်ငန်းတွင် မမျှော်မှန်းနိုင်သည့် ဆုံးရှုံးမှုများနှင့် အသုံးစရိတ်များ အတွက် အထွေထွေရန်ပုံငွေ။

၂၃။ အသင်းသည် ဘဏ္ဍာရေးနှစ်အလိုက် အောက်ပါ လျာထားငွေများကို သတ်မှတ်ပေးရမည် -

(က) ရင်းနှီးပစ္စည်းများအတွက် တန်ဖိုးလျှော့ လျာထားငွေ၊

(ခ) အခွန်အရပ်ရပ် ပေးဆောင်ရန် လျာထားငွေ၊

၂၄။ အသင်းသည် ဘဏ္ဍာရေးနှစ်အလိုက် အောက်ပါခွဲဝေငွေများကို သတ်မှတ်ပေးရမည် -

(က) အစုအပေါ် ခွဲဝေငွေ၊

(ခ) ရင်းနှီးငွေအပေါ် ခွဲဝေငွေ၊

(ဂ) အမှုဆောင်များနှင့် အသင်းဝန်ထမ်းများအတွက်ခွဲဝေငွေ၊

(ဃ) ကုန်ဝယ် သို့မဟုတ် ကုန်ရောင်းအတွက် ပြန်အမ်းငွေ။

## အခန်း (၈)

## အသင်းအား စာရင်းရှင်းလင်း ဖျက်သိမ်းခြင်း

၂၅။ ညွန်ကြားရေးမှူးချုပ်သည် အောက်ပါအကြောင်းတစ်ရပ်ရပ်ပေါ်ပေါက်လျှင် အသင်းအား စာရင်းရှင်းလင်း ဖျက်သိမ်းနိုင်သည် -

(က) သတ်မှတ်သည့် အသင်းသား သို့မဟုတ် အသင်းဝင်ဦးရေ မပြည့်ခြင်း၊

(ခ) ဤဥပဒေပါ ပြဋ္ဌာန်းချက် တစ်ရပ်ရပ်ကို ဆန့်ကျင်ဆောင်ရွက်ခြင်း၊

(ဂ) တည်ဆဲဥပဒေများနှင့်အညီ စီးပွားရေးလုပ်ငန်းများကို မလုပ်ကိုင်ခြင်း၊

(ဃ) မတည်ငွေ မပြည့်စုံခြင်း၊

(င) ပေးဆပ်ရန်ရှိသော ကြွေးမြီများကို ပေးဆပ်နိုင်ရန် အခြေအနေမရှိခြင်း၊

(စ) အရပ်ရပ်ဆိုင်ရာ အစည်းအဝေး ဆုံးဖြတ်ချက်အရ စာရင်းရှင်းလင်း ဖျက်သိမ်းပေးရန် တောင်းဆိုခြင်း၊

(ဆ) အခြားလုံလောက်သော အကြောင်းတစ်ရပ်ရပ်ပေါ်ပေါက်ခြင်း။

၂၆။ ညွန်ကြားရေးမှူးချုပ်သည် အသင်းတစ်သင်းအား စာရင်းရှင်းလင်း ဖျက်သိမ်းရန် အမိန့်ချမှတ်လျှင် စာရင်းရှင်းတာဝန်ခံကို ခန့်အပ်၍ တာဝန်နှင့်လုပ်ပိုင်ခွင့်များကို သတ်မှတ်ပေးရမည်။

၂၇။ စာရင်းရှင်းလင်း ဖျက်သိမ်းရန် ချမှတ်သည့် ညွှန်ကြားရေးမှူးချုပ်၏အမိန့်ကို မကျေနပ်ပါက ရက်ပေါင်း ၆၀ အတွင်း ဝန်ကြီးထံအယူခံဝင်နိုင်သည်။ ဝန်ကြီး၏ အဆုံးအဖြတ်သည် အပြီးအပြတ်ဖြစ်စေရမည်။

၂၈။ (က) အသင်းအား စာရင်းရှင်းလင်း ဖျက်သိမ်းရန် အမိန့်ချမှတ်ပြီးနောက် အသင်း၏ စာရင်းရှင်းလင်း ဖျက်သိမ်းခြင်း လုပ်ငန်းနှင့်စပ်လျဉ်း၍ မည်သည့်တရားရုံးကမျှ အရေးယူပိုင်ခွင့်မရှိစေရ၊

(ခ) စာရင်းရှင်းတာဝန်ခံ ခန့်ထားပြီးဖြစ်သော သမဝါယမအသင်းအား ညွှန်ကြားရေးမှူးချုပ်၏ ခွင့်ပြုချက်မရရှိဘဲ တရားစွဲဆိုခြင်း၊ အခြားနည်းဖြင့် အရေးယူခြင်း မပြုရ။

၂၉။ အသင်း၏ စာရင်းရှင်းတာဝန်ခံက ချမှတ်သော အမိန့်သည် စီရင်ပိုင်ခွင့်ရှိသော တရားမရုံးက ချမှတ်သော ဒီဂရီဖြစ်ဘိသကဲ့သို့ မှတ်ယူရမည်။ စာရင်းရှင်း တာဝန်ခံ၏အမိန့်အရ တောင်းခံရမည့် ငွေကိုလည်း အခွန်မပြေ ကျန်ငွေဖြစ်ဘိသကဲ့သို့ ကောက်ခံရမည်။

၃၀။ ညွှန်ကြားရေးမှူးချုပ်သည် စာရင်းရှင်း တာဝန်ခံ၏ အပြီးသတ် အစီရင်ခံစာကို မရရှိမီ အသင်း၏စာရင်းရှင်းလင်း ဖျက်သိမ်းရန် လုပ်ဆောင်ဆဲ လုပ်ငန်းတစ်ခုခုနှင့် စပ်လျဉ်းသော စာရင်းရှင်းတာဝန်ခံ၏ အမိန့်ကို လိုအပ်ပါက စုံစမ်းစစ်ဆေး၍ အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ပြုနိုင်သည်။

၃၁။ ညွှန်ကြားရေးမှူးချုပ်သည် စာရင်းရှင်း တာဝန်ခံ၏ အပြီးသတ်အစီရင်ခံစာကို ရရှိလျှင် အသင်းကို မှတ်ပုံတင်စာရင်းမှ ပယ်ဖျက်ရန် အမိန့်ချမှတ်ရမည်။

## အခန်း (၉)
## အငြင်းပွားမှုများကို အဆုံးအဖြတ်ပေးခြင်း

၃၂။ အသင်းတစ်သင်းတည်းတွင် အသင်းဝင်မဟုတ်သော အသင်းအချင်းချင်း ဖြစ်ပွားသည့် အငြင်းပွားမှုများကို စုံစမ်းစစ်ဆေးတင်ပြရန် ညွှန်ကြားရေးမှူးချုပ် သည် လိုအပ်သည့် ကော်မတီကို သင့်လျော်သော နိုင်ငံသားများဖြင့် ဖွဲ့စည်းပေးရမည်။ ကော်မတီ၏ စုံစမ်းစစ်ဆေး တင်ပြချက်အပေါ် ညွှန်ကြားရေးမှူးချုပ်က အဆုံးအဖြတ်ပေးရမည်။ ညွှန်ကြားရေးမှူးချုပ်၏ အဆုံးအဖြတ်သည်အပြီးအပြတ် ဖြစ်စေရမည်။

၃၃။ အသင်းလုပ်ငန်း ဆောင်ရွက်မှုများနှင့် စပ်လျဉ်း၍ အသင်းနှင့်အသင်းသား သို့မဟုတ် အသင်းနှင့်အသင်းဝင်တို့ ဖြစ်ပွားသည့် အငြင်းပွားမှုများကို အရပ်ရပ်ဆိုင်ရာ အစည်းအဝေးက အဆုံးအဖြတ်ပေးရမည်။

၃၄။ အသင်းလုပ်ငန်း ဆောင်ရွက်မှုများနှင့် စပ်လျဉ်း၍ အသင်းသား သို့မဟုတ် အသင်းဝင် အချင်းချင်းတို့ဖြစ်ပွားသည့် အငြင်းပွားမှုများကို သက်ဆိုင်ရာ အမှုဆောင်အဖွဲ့က အဆုံးအဖြတ်ပေးရမည်။

## အခန်း (၁၀)
## အထွေထွေ

၃၅။ မြန်မာနိုင်ငံကုမ္ပဏီအက်ဥပဒေပါ ပြဋ္ဌာန်းချက်များသည် ဤဥပဒေအရ ဖွဲ့စည်းသည့် အသင်းများနှင့် သက်ဆိုင်ခြင်း မရှိစေရ။

၃၆။ အသင်းသည် ပေးရန်တာဝန်အား ကန့်သတ်ထားသော အသင်းဖြစ်၍ အသင်းအမည်၏ နောက်တွင် လီမိတက်ဟူသော စကားရပ်ကို အသုံးပြုခွင့် ရှိသည်။

၃၇။ ၁၉၇၀ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ သမဝါယမအသင်း ဥပဒေအရ တည်ထောင်ခဲ့သော အသင်းများကို -

(က) ဤဥပဒေအရ မှတ်ပုံတင်ထားသော အသင်းများ ဖြစ်ဘိသကဲ့သို့ မှတ်ယူရမည်၊

(ခ) သတ်မှတ်သည့် ကာလအတွင်း ဤဥပဒေနှင့်အညီ ပြန်လည်ဖွဲ့စည်းရမည်။

၃၈။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို ဆောင်ရွက်နိုင်ရန် -

(က) သမဝါယမဝန်ကြီးဌာနသည် လိုအပ်သော နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများကို အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်၊

(ခ) သမဝါယမဝန်ကြီးဌာနနှင့် ဦးစီးဌာနသည် လိုအပ်သော အမိန့်၊ ညွှန်ကြားချက်များကို ထုတ်ပြန်နိုင်သည်။

၃၉။ အောက်ပါ ဥပဒေနှင့် နည်းဥပဒေများကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည် -

(က) ၁၉၇၀ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ သမဝါယမအသင်းဥပဒေ၊

(ခ) ၁၉၇၀ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ သမဝါယမအသင်း နည်းဥပဒေများ၊

(ဂ) ၁၉၇၀ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ သမဝါယမအသင်းဥပဒေအရ အရေးယူနည်းများဆိုင်ရာ နည်းဥပဒေများ။